# ၂၀၂၁အမျိုးသား
# ကျန်းမာရေးအာမခံ လက်ဆွဲ



- အလုပ်အာမခံသို့ ကူးပြောင်းလိုပါက အမျိုးသားကျန်းမာရေး အာမခံ နှုတ်ထွက်လိုကြောင်း အာမခံကောင်တာသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ဆက်သွယ်ဆောင်ရွက်ရမည်။ (နှုတ်ထွက်အကြောင်း ကြားမှု မရှိပါက အာမခံကြေးများ ဆက်လက်ပေးဆောင်နေရမည်) ▶စာမျက်နှာ7
- ဗီဇာသက်တမ်းနှင့် ဗီဇာအမျိုးအစား ပြောင်းလဲမှုရှိပါက ဆက်သွယ်အကြောင်းကြားရမည်။ ▶စာမျက်နှာ 3၊ 5
- ဝင်ငွေရှိသူများ၊ဝင်ငွေနည်းပါးသူများလည်း ဝင်ငွေ အထောက်အထား တင်ပြပေးရမည်။ ▶စာမျက်နှာ 9၊14
- ဝင်ငွေတိုးပွားပါက ပေးဆောင်ရမည့် အာမခံကြေး ပမာဏလည်း တိုးမြင့်မည်။ ▶စာမျက်နှာ 10-15
- ကျန်းမာရေးအာမခံကြေးကို သတ်မှတ်ရက်အတွင်း ပေးသွင်းပါ။ အာမခံကြေးပေးသွင်းနည်း ▶စာမျက်နှာ 15-17
- အာမခံကြေးပေးသွင်းရန် ပျက်ကွက်ခြင်း ▶စာမျက်နှာ 18-19
- ဆေးရုံဆေးခန်းသွားပါက ကျန်းမာရေးအာမခံကတ် ယူဆောင်သွားရမည်။ ▶စာမျက်နှာ 19၊20

# တိုရှိမားရပ်ကွက်

ဆေးဝါးစောင့်ရှောက်ရေးအတွက် အာမံကြေး

| ဝင်ငွေ အလိုက် ကျခံရမည့် အာမခံကြေး | | ပုံသေအာမခံကြေး | | ဧပြီလမှ နောက်နှစ် မတ်လအထိဆေးဝါး စောင့်ရှောက်ရေးအာမခံကြေး |
|---|---|---|---|---|
| အာမခံဝင်ရောက်ထား သူ၏အခွန်စည်းကြပ် ဝင်ငွေ×7.13%စုစုပေါင်း | + | အာမခံဝင်ရောက် ထားသူဦးရေ ×38,800 ယန်း | = | (အများဆုံးအာမခံကြေး 630,000 ယန်း) |

အရွယ်လွန်သက်ကြီးရွယ်အိုများအတွက် အာမခံကြေး

| ဝင်ငွေ အလိုက် ကျခံရမည့် အာမခံကြေး | | ပုံသေအာမခံကြေး | | ဧပြီလမှ နောင်နှစ် မတ်လအထိ ဆေးဝါး စောင့်ရှောက်ရေးအာမခံကြေး |
|---|---|---|---|---|
| အာမခံဝင်ရောက် ထားသူ၏ အခွန် စည်းကြပ် ငွေ×2.41% စုစုပေါင်း | + | အာမခံဝင်ရောက် ထားသူဦးရေ ×13,200 ယန်း | = | (အများဆုံးအာမခံကြေး 190,000 ယန်း) |

ပြုစုစောင့်ရှောက်ရေး အာမခံကြေး

| ဝင်ငွေ အလိုက် ကျခံရမည့် အာမခံကြေး | | ပုံသေအာမခံကြေး | | ဧပြီလမှ နောင်နှစ် မတ်လအထိ ဆေးဝါးစောင့်ရှောက် ရေးအာမခံကြေး |
|---|---|---|---|---|
| အသက်40နှစ်မှ64နှစ် ကြား အာမခံဝင် ရောက်ထားသူ၏ အခွန်စည်းကြပ်ဝင်ငွေ×2.45%စုစုပေါင်း | + | အသက်40နှစ် မှ64 နှစ် ကြား အာမခံဝင် ရောက်ထားသူဦးရေ×17,000 ယန်း | = | (အများဆုံးအာမခံကြေး 170,000 ယန်း) |

အားလုံး ပေါင်းလိုက်ပါက တစ်နှစ်စာ အာမခံကြေး ထွက်လာမည်

*အခွန်စည်းကြပ်ဝင်ငွေ = ယခင်တစ်နှစ်ဝင်ငွေစုစုပေါင်း-ဝင်ငွေခွန်စည်းကြပ်မှု လျှော့ပေါ့ပေးငွေ (330,000 ယန်း)

| နှစ်တစ်ဝက်တွင် အာမခံ ဝင်ရောက်ခြင်း၊နှုတ်ထွက်ခြင်း |
|---|
| တစ်နှစ်စာ အာမခံကြေး × $\frac{\text{အာမခံဝင်ရောက်သည့် လအရေအတွက်}}{12}$ |

## အာမခံကြေးအကြောင်း သတိပြုစရာ

### ၁) အမျိုးသား ကျန်းမာရေးအာမခံ အကျိုးခံစားခွင့် ရှိသည့်လမှ စတင်၍ အာမခံကြေး တွက်ချက်မည်။

ဥပမာ မေလတွင် အလုပ်အာမခံမှ နှုတ်ထွက်ပြီး ဩဂုတ်လတွင် အမျိုးသား ကျန်းမာရေး အာမခံသို့ ဝင်လိုကြောင်း လျှောက်လွှာတင်သော်လည်း မေလမှ စတင်၍ အာမခံကြေး

| ယခင်နှစ်အတွက် အိမ်ထောင်စု တခုလုံး၏ စုစုပေါင်းဝင်ငွေပမာဏ | လျှော့ချနှုန်း | တစ်ဦးလျှင်ပေးဆောင်ရမည့် အခြေခံအာမခံကြေး (တစ်နှစ်စာ) | | |
|---|---|---|---|---|
| | | အခြေခံကြေး (ဆေးကုသမှု) | အရွယ်လွန် ဘိုးဘွားများအတွက် ထောက်ပံ့ကြေး | ပြုစုစောင့် ရှောက်ရေး ထောက် ပံ့ကြေး |
| 430,000 ယန်း+100,000 ယန်း ×(လစာဝင်ငွေရရှိသူဦးရေ-1) | 70 ရာနှုန်း | 11,640 ယန်း | 3,960 ယန်း | 5,100 ယန်း |
| 430,000 ယန်း+285,000 ယန်း× အာမခံဝင်ရောက်သူ+ 100,000 ယန်း× (လစာဝင်ငွေရရှိသူဦးရေ-1) | 50 ရာနှုန်း | 19,400 ယန်း | 6,600 ယန်း | 8,500 ယန်း |
| 430,000 ယန်း+520,000ယန်း× အာမခံဝင်ရောက်သူ+ 100,000 ယန်း× (လစာဝင်ငွေရရှိသူဦးရေ-1) | 20 ရာနှုန်း | 31,040 ယန်း | 10,560 ယန်း | 13,600 ယန်း |

**ဆက်သွယ်စုံစမ်းရန်**

**အာမခံဝင်ခွင့်ရှိသူနှင့်အာမခံငွေကြေးဆိုင်ရာအဖွဲ့**

**03-4566-2377**

## ၁၀။ အာမခံကြေးပေးချေသည့် နည်းလမ်း

အာမခံကြေးများကို ဘဏ်အပ်ငွေစာရင်းမှတဆင့် ကြိုတင် စာရင်းသွင်းသည့် ပုံစံဖြင့် လုပ်ဆောင်သွားမည်။ လစဉ် လကုန်ရက် (လကုန်ရက်က ဘဏ်ပိတ်ရက်နှင့် တိုက်ဆိုင်နေပါက နောက်တစ်နေ့ ဘဏ်ဖွင့်ရက်) ရောက်တိုင်း ဘဏ်အပ် ငွေစာရင်းမှ အာမခံကြေး ပေးချေရမည်ဖြစ်သည့်အတွက် တစ် ရက်အလို နောက်ဆုံးထားပြီး ငွေသွင်းထားပါ။

**(လျှောက်ထားရန် နည်းလမ်း)**

- ကောင်တာတွင်လျှောက်ထားခြင်း

အောက်ပါ ဘဏ်များအတွက် ငွေထုတ်ကတ် ပြရုံဖြင့် ဘဏ်စာရင်းမှတဆင့် အလိုအလျောက် ပေးချေရန် စာရင်းသွင်းနိုင်သည်။ သို့ရာတွင် ငွေထုတ်ကတ် ပြ ပြီး စာရင်းသွင်း ငွေချေ ခြင်းကို အမျိုးသား ကျန်းမာရေး အာမခံဌာနနှင့် မြို့နယ် ရပ်ကွက်ရုံးများတွင်သာ လက်ခံ ဆောင်ရွက်ပေးသည်။

**ချိတ်ဆက်ထားသည့် ဘဏ်များ**

Mizuho ဘဏ်၊ Mitsubishi UFJ ဘဏ်၊ Mitsui Sumitomo ဘဏ်၊ Risonaဘဏ်၊ Saitama Risona ဘဏ်၊ Yucho ဘဏ်၊ Kiraboshi ဘဏ်၊ Sugamoသမဝါယမဘဏ်၊ Tokyo သမဝါယမဘဏ်၊ Johoku

**(၂) အကြွေးဝယ်ကတ်ဖြင့် အာမခံကြေး ပေးသွင်းခြင်း**

(က) "Yahoo!JAPAN" နိုင်ငံတော်အခွန်အခများ ပေးချေသည့် ဝပ်စာမျက်နှာ

အိမ်ရှိ ကွန်ပြူတာ၊ လက်ကိုင်မိုဘိုင်းဖုန်းမှတဆင့် အကြွေးဝယ်ကတ်ဖြင့် အာမခံ ကြေး ပေးသွင်းနိုင်ပါသည်။

* ၂၀၂၂ခုနှစ် မတ်လကုန်တွင် ဖော်ပြပါ ဝပ်စာမျက်နှာ ပိတ်သိမ်းရန် အစီအစဉ် ရှိပါသည်။

(ခ) မိုဘိုင်းဖုန်းမှတဆင့် ပေးချေခြင်း ( အကြွေးဝယ်ကတ်ဖြင့် ပေးချေခြင်း)

လက်ကိုင်မိုဘိုင်းဖုန်းအတွင်းသို့ အပလီကေးရှင်းအား ကြိုတင်ဒေါင်းလုတ်ဆွဲထားရန် လိုအပ်ပါသည်။ လက်ကိုင်ဖုန်း ကင်မရာမှတဆင့် အာမခံကြေးတောင်းခံလွှာ ကျူအာရ်ကုတ် နံပါတ်အား ဖတ်ယူပြီးနောက်၊ အကြွေးဝယ်ကတ်၏ အချက်အလက်များ ဖြည့်စွက်ပေးရမည်။

**(၃) မိုဘိုင်းဖုန်းမှတဆင့် ပေးချေခြင်း(မိုဘိုင်းဘဏ် စနစ်သုံး၍ ငွေပေးချေခြင်း) မိုဘိုင်းဖုန်း ကျူအာရ်ကုတ်စနစ်သုံး၍ ငွေပေးချေခြင်း**

မိမိ အသုံးပြုလိုသည့် ဘဏ်တွင် မိုဘိုင်းဘဏ်အကောင့် ကြိုတင်ဖွင့်လှစ်ထားရန်နှင့် ဖုန်းထဲသို့ မိုဘိုင်းဘဏ် အပလီကေးရှင်း ကို ဒေါင်းလုတ်ဆွဲထားရန် လိုအပ်ပါသည်။ မိုဘိုင်းဖုန်း ကင်မရာဖြင့် အာမခံကြေးတောင်းခံလွှာကျူအာကုတ်အား ဖတ်ယူပြီး မိုဘိုင်းဘဏ်စနစ်အတွင်းသို့ ဝင်ရောက်ပြီး ငွေကြေးပေးဆောင်သည့် ဝန်ဆောင်မှုဖြစ်သည်။

(၄) Line Pay စနစ်ဖြင့် ပေးချေခြင်း

မိုဘိုင်းဖုန်းအတွင်းသို့ အပလီကေးရှင်းအား ကြိုတင်ဒေါင်းလုတ်ဆွဲထားရန် လိုအပ်ပါသည်။ လက်ကိုင်ဖုန်း ကင်မရာမှတဆင့် အာမခံကြေးတောင်းခံလွှာ ကျူအာရ်ကုတ် နံပါတ်အား ဖတ်ယူပြီးနောက်၊ Line Pay အပလီကေးရှင်းမှတဆင့် အီလက်ထရောနစ်ငွေကြေးဖြင့် ပေးချေရမည်။

**(၅) ပင်စင်ငွေဖြင့် အာမခံပေးချေခြင်း**

**(၁) နေ့ချင်းပြန် ရေပူစမ်း အပန်းဖြေ လျှော့ဈေးလက်မှတ်**

နေ့ချင်းပြန် ရေပူစမ်း အပန်းဖြေလျှော့ဈေးလက်မှတ်များ ဖြန့်ဝေပေးပါသည်။

**(၂) အာမခံကုမ္ပဏီနှင့် ချိတ်ဆက်ထားသော ဂျပန်ရိုးရာ တည်း ခိုခန် များ**

ရေပူစမ်းတည်ရှိရာ ဂျပန်ရိုးရာတည်းခိုခန်းများတွင် ဈေးနှုန်း သက်တောင့်သက်သာဖြင့် တည်းခိုနိုင်ရန် စာချုပ်ချုပ် ဆို ထားသည်။

**ဆက်သွယ်စုံစမ်းရန် အုပ်ချုပ်ရေးအဖွဲ့ 03-3981-1923**

# ၁၉။ အထူးကျန်းမာရေးစစ်ဆေးမှုနှင့် အထူးကျန်းမာရေးလမ်းညွှန်

နေ့စဉ်နေထိုင်စားသောက်မှု အလေ့အထနှင့် သက်ဆိုင်သောရောဂါ မဖြစ်အောင် ကြိုတင်ကာကွယ်ရန်အတွက် ကိုယ်တွင်းဇီဝ ဖြစ်ပျက်မှု ရောဂါ လက္ခဏာများကို အာရုံစိုက် သတိမူသည့် အထူးကျန်းမာရေး စစ်ဆေးမှုနှင့် အထူးကျန်းမာရေး လမ်းညွှန်များ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါသည်။

**(၁) အထူးကျန်းမာရေး စစ်ဆေးမှု**

တိုရှိမားမြို့နယ် ကျန်းမာရေးအာမခံသို့ ဝင်ရောက်ထားသူ အသက် ၄၀မှ ၇၄ နှစ်ရှိ လူများအတွက် အထူးကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်ပေးလျက်ရှိ သည်။ ကိုယ်တွင်းဇီဝ ဖြစ်ပျက်မှု ရောဂါလက္ခဏာများ ပေါ်ပေါက်စေသော အ ကြောင်းရင်းခံ ဖြစ်သည့် ကိုယ်တွင်းကလီစာများ အဆီဖုံးပြီး အဝလွန်သူများ သည် နေ့စဉ်နေထိုင်စားသောက်မှု အလေ့အထနှင့် သက်ဆိုင်သော ရောဂါဖြစ် ပွားနိုင်မှု အလားအလာ မြင့်မားနိုင်ကြောင်း ရှာဖွေတွေ့ရှိရသည်။ အထူး ကျန်း မာရေး စစ်ဆေးမှု ပြုလုပ်ခြင်းဖြင့် ကိုယ်တွင်းဇီဝ ဖြစ်ပျက်မှု ရောဂါလက္ခဏာ ရှိနေသူများနှင့် ရောဂါဖြစ်ရန် အလားအလာရှိ နေသူများကို စောစီးစွာ ရှာဖွေတွေ့ရှိနိုင်ရေး အ တွက် အလေးထား ဆောင်ရွက်လျက်ရှိသည်။

**(၂) အထူးကျန်းမာရေးလမ်းညွှန်**

